## ပုဂ္ဂလိကရော်ဘာစိုက်ခင်းတည်ထောင်ခွင့်ရရှိသူက လိုက်နာရမည့်စည်းကမ်းချက်များ

၁။ ပုဂ္ဂလိကရော်ဘာစိုက်ခင်း တည်ထောင်ရန်အတွက် မြေငှားရမ်းခြင်းကို နှစ်(၃၀)မြေငှား စာချုပ်စနစ်ဖြင့် ခွင့်ပြုသည်။ စာချုပ်သက်တမ်းတိုးမြှင့်လိုပါက စာချုပ်သက်တမ်းမကုန်ဆုံးမီ (၁)နှစ်ကြိုတင်၍ သစ်တောဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်**ဖြစ်ပြီး တစ်ကြိမ်လျှင် (၁၀)နှစ်ဖြင့် သက်တမ်း(၂)ကြိမ် တိုးမြှင့်နိုင်သည်။**

၂။ ပုဂ္ဂလိကရော်ဘာစိုက်ခင်း တည်ထောင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ပြုထားသည့် မြေပေါ်တွင် သစ်တောဦးစီးဌာနမှ အတည်ပြုထားသည့် စီမံချက်အတိုင်း ဧရိယာအားလုံး အပြည့်အဝ စိုက်ပျိုးရမည်။

၃။ ပုဂ္ဂလိကရော်ဘာစိုက်ခင်း တည်ထောင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ပြုထားသည့် မြေပေါ်တွင် စိုက်ခင်းတည်ထောင်ခြင်း၏ မူလရည်ရွယ်ချက်ကို မထိခိုက်စေဘဲ အခြားလုပ်ငန်းများကို လုပ်ကိုင်မည်ဆိုပါက တည်ဆဲ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ရယူရမည်။

၄။ ပုဂ္ဂလိကရော်ဘာစိုက်ခင်း တည်ထောင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ပြုထားသည့် မြေပေါ်တွင် လုပ်ကိုင်မည့်လုပ်ငန်းအစီအစဉ်များကို ကြိုတင်ရေးဆွဲပြီး သစ်တောဦးစီးဌာနမှ အတည်ပြုထားသည့်စီမံချက်ပါအတိုင်း သတ်မှတ်ထားသော အချိန်ကာလများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ရမည်။ လုပ်ငန်းအစီအစဉ်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက လုပ်ကိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်းခံရမည့်အပြင် သစ်တောပျက်စီးဆုံးရှုံးမှုအတွက် သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးဆောင်ရမည်။

၅။ ပုဂ္ဂလိကရော်ဘာစိုက်ခင်း တည်ထောင်ခွင့်ရရှိသူသည် ငှားရမ်းထားသောမြေအား ဆက်လက်စိုက်ပျိုးလုပ်ကိုင်လိုခြင်းမရှိပါက သစ်တောဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည့်အပြင် သစ်တောပျက်စီးဆုံးရှုံးမှုအတွက် သစ်တောဦးစီးဌာနမှ **သတ်မှတ်ထားသောလျော်ကြေးငွေကို (၁)လအတွင်း ပေးဆောင်ရမည်။**

၆။ ပုဂ္ဂလိကရော်ဘာစိုက်ခင်း တည်ထောင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ပြုထားသည့် မြေဧရိယာအတွင်း ပေါက်ရောက်နေသည့် ရင်စို့လုံးပတ် ၂' နှင့်အထက် သစ်ပင်များကို စိုက်ခင်းတည်ထောင်ရန်အတွက် ခုတ်လှဲရှင်းလင်းမည်ဆိုပါက သစ်တောဦးစီးဌာနသို့တင်ပြရမည်။

၇။ ပုဂ္ဂလိကရော်ဘာစိုက်ခင်း တည်ထောင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ပြုထားသည့် ဧရိယာအတွင်း မြေပေါ်မြေအောက်သယံဇာတပစ္စည်းများကို ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်ယူခြင်းမပြုရ။

၈။ ပုဂ္ဂလိကရော်ဘာစိုက်ခင်း တည်ထောင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ရရှိသည့် သက်တမ်းအတွင်း အကြောင်းတစ်စုံတစ်ရာကြောင့် ဆက်လက် လုပ်ကိုင်နိုင်ခြင်းမရှိပါက **၎င်း၏တရားဝင် အမွေဆက်ခံခွင့်ရရှိသူနှင့် ဥပဒေနှင့်အညီ လွှဲအပ်ခြင်းခံရသူ(ဥပဒေနှင့်အညီ လွှဲအပ်ခြင်းခံရသူနှင့် ကုမ္ပဏီ၏ Board of Directors- ဒါရိုက်တာများအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် တရားဝင် ဆောင်ရွက်ခွင့်ရရှိသူ)**ထံသို့ လုပ်ကိုင်ခွင့် လွှဲပြောင်းခြင်းအား ခိုင်လုံသောအထောက်အထားများ

တင်ပြ၍ သစ်တောဦးစီးဌာန၏ခွင့်ပြု ချက်ရယူရမည်။

၉။ ပုဂ္ဂလိကရော်ဘာစိုက်ခင်း တည်ထောင်ခွင့်ရရှိသူသည် သစ်တောဦးစီးဌာနမှ အတည်ပြုထားသည့် စီမံချက်အရ စတင်စိုက်ပျိုးမည့်ဧကအတွက် သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသည့် လုပ်ငန်းအာမခံကြေးငွေကို လုပ်ငန်းစတင်ဆောင်ရွက်မည့်နေ့ရက်မတိုင်မီ ပေးသွင်းရမည် ဖြစ်ပြီး ထိုလုပ်ငန်းအာမခံကြေးငွေကို စိုက်ပျိုးပြီးရှင်သန်မှုရာခိုင်နှုန်း(၇၀%) ကျော်လွန်မှသာ ပြန်လည်ထုတ်ယူခွင့်ရှိမည်။ ခွင့်ပြုနှစ်အတွင်း မစိုက်ပျိုးသည့်ဧကအတွက် လုပ်ငန်းအာမခံကြေးငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၀။ ပုဂ္ဂလိကရော်ဘာစိုက်ခင်း တည်ထောင်ခွင့်ရရှိသူသည် ခွင့်ပြုထားသည့် မြေကို ထပ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း(သို့) တစ်ခြားနည်းလမ်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း မပြုရ။

၁၁။ ပုဂ္ဂလိကရော်ဘာစိုက်ခင်း တည်ထောင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ရရှိသည့် မြေပေါ်တွင် စိုက်ပျိုးထားသော ရော်ဘာပင်များနှင့် ပုဂ္ဂလိကရော်ဘာစိုက်ခင်း တည်ထောင်ခွင့်ကို လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်းတို့ဆောင်ရွက်လိုပါက သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ရယူရမည်။ ခွင့်ပြုချက်ရရှိပါက တည်ဆဲ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၂။ ပုဂ္ဂလိကရော်ဘာစိုက်ခင်း တည်ထောင်ခွင့်ရရှိသူသည် ခွင့်ပြုဧရိယာအတွင်း တည်ထောင်ပြီး စိုက်ခင်းများအား ပြုစုထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ပျိုးဥယျာဉ်နှင့် ယာယီနေအိမ်/တဲများမှအပ အခြားအဆောက်အအုံများကို သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ စိုက်ခင်းအတွင်း ဆောက်လုပ်ခြင်းမပြုရ။

၁၃။ ပုဂ္ဂလိကရော်ဘာစိုက်ခင်း တည်ထောင်ခွင့်ရရှိသူသည် စိုက်ခင်းမှတ်တမ်းစာအုပ်ထားရှိ၍ ရာသီအလိုက်လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ်မှန်ကန်စွာ ဖြည့်စွက်ထားရှိရမည်။ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ အခါအားလျော်စွာ လာရောက်ကြည့်ရှုစစ်ဆေး၍ အကြံပြုချက်များ၊ မှတ်ချက်များရေးသားပါက ယင်းအကြံပြုချက်များ၊ မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၄။ ပုဂ္ဂလိကရော်ဘာစိုက်ခင်း တည်ထောင်ခွင့်ရရှိသူသည် သစ်တောဦးစီးဌာနနှင့် စာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ ဘဏ္ဍာနှစ်တစ်နှစ်အတွက် မြေငှားရမ်းခကို (၁)ဧကလျှင် သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသောနှုန်းဖြင့် နှစ်စဉ်ပေးသွင်းရမည်။ ဒုတိယနှစ်မှစ၍ ဘဏ္ဍာရေးနှစ်အတွင်း ပေးသွင်းရမည်ဖြစ်ပြီး ဘဏ္ဍာနှစ်ကျော်လွန်ပါက တစ်ရက်လျှင် ဒဏ်ကြေးငွေ ၅၀၀၀/-ကျပ် ပေးဆောင်ရမည်။ ရက်(၃၀)အတွင်း ပေးသွင်းခြင်းမရှိပါက စာချုပ်ရုပ်စဲပြီး တရားစွဲဆိုခြင်း ခံရမည်။

၁၅။ ချုပ်ဆိုခဲ့သော စာချုပ်သည် သစ်တောဦးစီးဌာနနှင့်ပုဂ္ဂလိကရော်ဘာစိုက်ခင်း တည်ထောင်ခွင့်ရရှိသူ **ဦး/ဒေါ် ----------၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်၊-------------တို့နှင့်သာ (--------ကုမ္ပဏီနှင့်သာ)** သက်ဆိုင် စေရမည်။

၁၆။ ပုဂ္ဂလိကရော်ဘာစိုက်ခင်း တည်ထောင်ခွင့်ရရှိသူသည် စာချုပ်ပါစည်းကမ်းချက်တစ်စုံတစ်ရာကို ချိုးဖောက်ပါက စာချုပ်ရုပ်စဲပြီး လုပ်ကိုင်ခွင့်ပြုထားသည့် မြေနှင့်မြေပေါ်ရှိ အပင်နှင့်ပစ္စည်းများကို သိမ်းဆည်းခြင်းခံရမည့်အပြင် သစ်တောဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၁၇။ သစ်တောဦးစီးဌာနသည် စာချုပ်ပါစည်းကမ်းချက်များကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြန်လည်ပြင်ဆင် သတ်မှတ်နိုင်သည်။